(၆) အသက် (၁၈) နှစ်အောက် ကလေးများကို တပ်သားသစ် စုဆောင်းခြင်း၊ လက်နက်ကိုင်လှုပ်ရှားမှုတွင် ပါဝင်စေခြင်း (သို့မဟုတ်) အခြား အန္တရာယ်ရှိစေမည့်လုပ်ငန်းများတွင် အသုံးပြုခြင်း မပြုရ။

( စ ) **တော်လှန်ရေးရဲဘော်များ အချင်းချင်းကြား လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်**

(၁) တပ်ဖွဲ့ဝင်အချင်းချင်း ရဲဘော်ရဲဘက်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၂) တပ်ဖွဲ့ဝင်အချင်းချင်းအပေါ်တွင် သစ္စာစောင့်သိရမည်။

(၃) တပ်ဖွဲ့ဝင်အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းအား ရှောင်ကြဉ်ရမည်။

(၄) တပ်ဖွဲ့ဝင်အချင်းချင်း တတ်မြောက်ထားသောပညာများအား ဝေမျှသင်ကြားပေးရမည်။

(၅) အထက်အကြီးအကဲများ၏အမိန့်ကို တိကျစွာလိုက်နာရမည်။

(၆) အထက်အကြီးအကဲများမှ ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်။

(၇) အထက်အကြီးအကဲများ၏ အဆုံးအမအောက်တွင် နေထိုင်ကျင့်သုံးရမည်။

(၈) အထက်အကြီးအကဲများအား မိမိ၏ အခက်အခဲများကို တင်ပြဆွေးနွေးရမည်။

(၉) ငယ်သားများအပေါ်တွင် တရားမျှတစွာ ကွပ်ကဲအုပ်ချုပ်ရမည်။

(၁၀) ငယ်သားများအပေါ်တွင် ရာထူးအားကိုးဖြင့် နိုင်ထက်စီးနင်းခြင်းမပြုမိစေရန် အထူး သတိပြုရမည်။

(၁၁) ငယ်သားများ၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ပိတ်ပင်တားမြစ်ခြင်းအား ရှောင်ကြဉ်ရမည်။

(၁၂) ငယ်သားများ၏ လူမှုရေး၊ ကျန်းမာရေးတို့အား ဦးဆောင်၍ ဖြေရှင်း ဆောင်ရွက်ပေးရမည်။

(၁၃) ငယ်သားများအပေါ်တွင် အနစ်နာခံ၍ လေးစားချစ်ခင်ရသော စံနမူနာပြုဖွယ် အကြီးအကဲအဖြစ် နေထိုင်ကျင့်သုံးရမည်။

